


ဥက္ကဋ္ဌရဆယ် အမ် နယ်လ်ဆန်မှ

# ကျွန်တော်တို့ အတူတကွရှေ့သို့တက်လှမ်းတဲ့အခါ

အယ်ဒီတာ၏မှတ်ချက်။ ဥက္ကဋ္ဌရဆယ် အမ် နယ်လ်ဆန်အား နောက်ပိုင်းကာလ
သန့်ရှင်းသူများ အသင်းတော်၏ ၁၇ဦးမြောက်ပုရောဖက်အဖြစ် ဇန်နဝါရီလ ၁၄၊
၂၀၁၈တွင် ခွဲခန့်ခဲ့ပြီး ဇန်နဝါရီလ ၁၆၊ ၂၀၁၈တွင် ဆော့လိတ်
ဗိမာန်တော်၏အခြားအဆောက်အဦးမှ တိုက်ရိုက်ထုတ်လွှင့်မှုကာလအတွင်း
ထိုသတင်းစကားများကိုဟောပြောခဲ့သည်။ ဤစာစောင်တွင်
သူ၏စကားများကိုထုတ်ဝေရန် သူတောင်းဆိုခဲ့သည်။

ချစ်သောညီအစ်ကိုမောင်နှမများခင်ဗျား
ဒီမနက်မှာသင်တို့နဲ့ရှိနေရတာက ကျွန်တော်ကို
နှိမ့်ချစေပါတယ်။ လွန်ခဲ့တဲ့လေးရက်က
ကြီးမြတ်တဲ့လူတစ်ယောက်ဖြစ်တဲ့ ဘုရားသခင်ရဲ့ပုရောဖက် ဥက္ကဋ္ဌ
သောမက်စ် အက်စ် မွန်ဆွန်ကို ကျွန်တော်တို မြေချခဲ့ကြတယ်။
သူ့ဘဝရဲ့အရေးပါမှုနဲ့ ခမ်းနားကြီးကျယ်မှုကို
ဘယ်စကားလုံးမှမဖော်ပြနိုင်ပါဘူး။
သူကျွန်တော့်ကိုသင်ကြားပေးခဲ့တဲ့ အရာအတွက်
ကျေးဇူးတင်စွာဖြင့် ကျွန်တော်တို့ရဲ့ခင်မင်ရင်းနှီးမှုကို
ကျွန်တော်ထာဝရ အမြတ်တနိုးရှိပါမယ်။ ယခုကျွန်တော်တို့ရဲ့
သခင်ယေရှုခရစ်တော်၌ ပြည့်ဝတဲ့ယုံကြည်ခြင်းဖြင့် အနာဂတ်သို့
ကျွန်တော်တို့မျှော်လင့်စောင့်စားရမယ်။
ဒါဟာသူ့ရဲ့အသင်းတော်ဖြစ်တယ်။

လွန်ခဲ့တဲ့နှစ်ရက်က ဆော့လိတ်ဗိမာန်တော်၏အထက်ခန်းမှာ
အသက်ရှင်သောတမန်တော်များအားလုံး တွေ့ဆုံခဲ့ကြတယ်။
အဲ့ဒီမှာ အားလုံးသဘောတူတဲ့ဆုံးဖြတ်ချက်တစ်ခုကို
သူတို့ပြုလုပ်ခဲ့ကြတယ်။ ပထမတော့
ပထမဥက္ကဋ္ဌအဖွဲ့ဝင်ကိုယခုပြန်လည်ဖွဲ့စည်းရန်နှင့် ဒုတိယကတော့
အသင်းတော်၏ ဥက္ကဋ္ဌအဖြစ် ကျွန်တော်ထမ်းဆောင်ရန်ဖြစ်တယ်။
ယခုကာလမှာပုရောဖက် ဂျိုးဇက်စမစ်အားဖြင့်
မူလအတိုင်းပြန်လည်ပေးအပ်ထားသော
ယဇ်ပုရောဟိတ်သော့များအားလုံးကို ကိုင်ဆောင်ထားတဲ့
ကျွန်တော့ရဲ့ညီအစ်ကိုများရှိတာဟာ ဘယ်လိုခံစားရလဲဆိုတာကို
သင်တို့ကိုပြောပြဖို့စကားလုံးတွေဟာ မလုံလောက်ပါဘူး။
သူတို့ဟာ အသင်းတော်၏ဥက္ကဋ္ဌအဖြစ် ကျွန်တော့်ကိုခွဲခန့်ရန်နှင့်
ဘိသိတ်ပေးရန် ကျွန်တော့်ခေါင်းပေါ်မှာ
သူတို့ရဲ့လက်များတင်ကြတယ်။ ဒါဟာမြင့်မြတ်ပြီး
နှိမ့်ချဖို့ကောင်းတဲ့ အတွေ့အကြုံတစ်ခုဖြစ်တယ်။

အဲ့ဒီနောက်မှာ ကျွန်တော်ရဲ့အတိုင်ပင်ခံများအဖြစ်
ဘုရားသခင်ပြင်ဆင်ပေးသောသူကိုသိမြင်ဖို့က
ကျွန်တော်ရဲ့တာဝန်ဖြစ်လာတယ်။
ကျွန်တော်တမန်တော်၁၂ပါးထဲမှ နှစ်ယောက်တည်းကို
ကျွန်တော်ဘယ်လိုရွေးချယ်ရမလဲ။ သူတို့တစ်ယောက်စီတိုင်းကို
ကျွန်တော်အလွန်သိပ်ချစ်ပါတယ်။
ကျွန်တော့်ရဲ့ပြင်းပြတဲ့ဆုတောင်းချက်များကိုအဖြေပေးတဲ့အတွက်
ဘုရားရှင်ကိုကျွန်တော် နက်နက်ရှိုင်းရှိုင်းကျေးဇူးတင်ပါတယ်။
ဥက္ကဋ္ဌ ဒယ်လင် ဟဲရစ် အုတ်ခ်နှင့် ဥက္ကဋ္ဌ ဟင်နရီ ဘန်နီယန်
အိုင်ရင်းဟာ ပထမနှင့်ဒုတိယအတိုင်ပင်ခံအဖြစ်အသီးသီး
ကျွန်တော်နှင့်အတူအစေခံရန် ဆန္ဒရှိလို့ ကျွန်တော်အလွန်
ကျေးဇူးတင်ပါတယ်။ ဥက္ကဋ္ဌဒီရတ်တာ အက်ဖ် ဥခ်ဒေါ့ဖ်ဟာ
တမန်တော် ဆယ့်နှစ်ပါးအဖွဲ့ဝင်ရှိ
သူရဲ့နေရာမှာပြန်လည်ရောက်ရှိပါတယ်။ သူဟာအဓိကကျသော
တာဝန်များကို လက်ခံရရှိခဲ့ပြီး ထိုအရာများအတွက်
သူဟာပြိုင်ဘက်ကင်းစွာအရည်အချင်းပြည့်ဝခဲ့တယ်။

ဥက္ကဋ္ဌမွန်ဆွန်အတွက် အတိုင်ပင်ခံများအဖြစ်
သူတို့ရဲ့အရေးပါထင်ရှားတဲ့အစေခံခြင်းအတွက် သူနှင့်
ဥက္ကဋ္ဌအိုင်ရင်းကို ကျွန်တော်ချီးကျူးဂုဏ်ပြုပါတယ်။
သူတို့ဟာပြည့်ပြည့်ဝဝ စွမ်းဆောင်နိုင်ခဲ့တယ်။ ပေးအပ်မြုပ်နှံခဲ့ပြီး
အားပေးလှုံ့ဆော်ခဲ့တယ်။
သူတို့ကိုကျွန်တော်တို့အလွန်ကျေးဇူးတင်ပါတယ်။
သူတို့ကိုအလိုအပ်ဆုံးနေရာမှာအစေခံရန်

**လစဉ်ပထမဥက္ကဋ္ဌအဖွဲ့၏သတင်းကောင်းကို ရပ်စဲသည်။**

ယခုသတင်းကောင်းသည် လစဉ်ပုံမှန်ထုတ်ဝေနေကျ
ပထမဥက္ကဋ္ဌအဖွဲ့၏နောက်ဆုံး သတင်းကောင်းဖြစ်မည်။
အနာဂတ်တွင် ပထမဥက္ကဋ္ဌအဖွဲ့သည်
အရေးကြီးသောသတင်းကောင်းများကို
အသင်းတော်၏မဂ္ဂဇင်းနှင့် LDS.org စသော
အသင်းတော်၏များပြားလှသောထုတ်လွှင့်မှုအစီအစဉ်
လမ်းကြောင်းများအားဖြင့် လိုအပ်သလိုဝေမျှသွားပါမည်။

ယခုသူတို့စိတ်ဆန္ဒရှိကြတယ်။

ဒုတိယဝါကြီးသူ တမန်တော်အဖြစ် ဥက္ကဋ္ဌအုတ်ခ်သည်လည်း တမန်တော်ဆယ့်နှစ်ပါးအဖွဲ့၏ ဥက္ကဋ္ဌဖြစ်လာတယ်။ သို့သော်လည်း ပထမဥက္ကဋ္ဌအဖွဲ့သို့သူ့ကိုတာဝန်ပေးအပ်ခဲ့ပြီး အသင်းတော်၏ အစီအစဉ်နှင့်ကိုက်ညီမှုအရ နောက်ထပ်ဝါကြီးသူ ဥက္ကဋ္ဌအမ်ရဆယ် ဘဲလ်လာ့က ထိုအဖွဲ့၏ ခေတ္တဥက္ကဋ္ဌအဖြစ် အစေခံပါမယ်။ ဘုရားရှင်၏အလိုတော်ကို သိမြင်ရန်နှင့် သူ၏မြင့်မြတ်သော အမှုတော်ကိုရှေ့ဆက်လုပ်ဆောင်ရန် ပထမဥက္ကဋ္ဌအဖွဲ့က တမန်တော်ဆယ့်နှစ်ပါးနှင့်အတူ လက်တွဲလုပ်ဆောင်ပါမယ်။

သင်တို့ရဲ့ဆုတောင်းချက်များအတွက် ကျွန်တော်တို့ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့အတွက် ကမ္ဘာတစ်ဝှမ်းလုံးက ဆုတောင်းပေးခဲ့ကြတယ်။ ဥက္ကဋ္ဌမွန်ဆွန်ကွယ်လွန်ပြီးမနက်မှာ ဘန်ဆွန်လို့ခေါ်တဲ့ လေးနှစ်အရွယ် ကောင်လေးတစ်ယောက်က ဤဆုတောင်းချက်တစ်ခုကိုဆုတောင်းခဲ့တယ်။ ကျွန်တော့်ဇနီးဝင်ဒီကို ရေးပေးတဲ့ သူ့မိခင်ရဲ့စာမှကျွန်တော်ကောက်နုတ်ပါတယ်။ "ကောင်းကင်ဘုံရှင်အဖ ဥက္ကဋ္ဌ သောမက်စ် အက်စ် မွန်ဆွန်က သူ့ဇနီးကိုတဖန်ပြန်တွေ့နိုင်လို့ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ရဲ့ပုရောဖက် အသစ်အတွက်ကျေးဇူးတင်ပါတယ်။ သူအသစ်ဖြစ်လို့သူ့ကို မကြောက်ဘဲ ရဲရင့်အောင်ကူညီပါ။ ကျန်းမာပြီး သန်စွမ်းစွာကြီးပြင်းဖို့ သူ့ကိုကူညီပါ။ သူ့မှာယဇ်ပုရောဟိတ် အခွင့်အာဏာရှိသောကြောင့် အစွမ်းတန်ခိုးရှိဖို့ သူ့ကိုကူညီပါ။ ပြီးတော့ ကျွန်တော်တို့ကိုအစဉ်အမြဲ ကောင်းဖို့ကူညီပေးပါ။"

ထိုကဲ့သို့ကလေးများနှင့် ဖြောင့်မတ်စွာနေရန် သူတို့ရဲ့ဝန်ခံမှုကို အလေးအနက်ထားတဲ့ မိဘများအတွက်နှင့် လေးသောဝန်များကိုထမ်းနေသော်လည်း အလွန်လိုလိုလားလားနှင့် အစေခံပေးသောအသင်းသားများ၊ ဆရာများနှင့် မိဘတိုင်း ရည်ရွယ်ချက်ရှိစွာ ပြုစုပျိုးထောင်ပေးခြင်းအတွက် ဘုရားသခင်ကို ကျွန်တော်ကျေးဇူးတင်ပါတယ်။ တစ်နည်းပြောရရင်တော့ သင်တို့အယောက်တိုင်းအတွက် ကျွန်တော်နှိမ့်ချစွာဖြင့် အလွန်ကျေးဇူးတင်ပါတယ်။

## ဘုရားရှင်သည်ပွဲ့နင်းရာတွင်ရှိသည်

ကျွန်တော်တို့ အတူတကွရှေ့သို့လှမ်းတဲ့အခါ ဘုရားရှင်ကသူ့၏အသင်းတော်ကိုအုပ်ချုပ်တဲ့ ခန့်ညားထင်ရှားသော နည်းဟန်ကိုစဉ်းစားဖို့ သင်တို့ကိုကျွန်တော်ဖိတ်ခေါ်ပါတယ်။ အသင်းတော်ရဲ့ ဥက္ကဋ္ဌကွယ်လွန်တဲ့အခါ ထိုနေရာရာထူးမှာအစေခံဖို့နောက်တစ်ယောက်ကို မည်သူ့အားခေါ်ဆိုမည်နှင့် ပတ်သက်ပြီး လျှို့ဝှက်ပဟေဠိမရှိပါ။ မဲဆွယ်စည်းရုံးခြင်းနှင့် လှုံ့ဆော်လှုပ်ရှားမှုများမရှိပါ။

ဘုရားရှင်ကိုယ်တိုင်စနစ်တကျစီစဉ်တဲ့ မြင့်မြတ်တဲ့ဆက်ခံခြင်းအစီအစဉ်၏ သိမ်မွေ့သော အမှုတော်များသာဖြစ်ပါတယ်။

တမန်တော်တစ်ဦး၏အစေခံခြင်းနေ့ရက်တိုင်းဟာ အနာဂတ်မှာပို၍တာဝန်များအတွက်ပြင်ဆင်ခြင်းနှင့် သင်ယူခြင်းနေ့ရက်ဖြစ်တယ်။ ဝါနုသည့်နေရာမှ ဝါကြီးသည့်နေရာအဖွဲ့တွင် ပြောင်းရွှေ့ဖို့ တမန်တော်တစ်ယောက်အတွက် အစေခံခြင်းသည် ဆယ်စုနှစ်များစွာကြာပါတယ်။ ထိုအချိန်အတွင်း သူသည်အသင်းတော်၏အမှုတော်ရှုဒေါင့်တိုင်းမှာ ကိုယ်တွေ့အတွေ့အကြုံများရရှိပါတယ်။ ကမ္ဘာမြေအနှံ့ကြိမ်ဖန်များစွာသူ့ကိုခေါ်ဆောင်သွားတဲ့ တာဝန်များအဖြစ် ဘာသာစကားများ၊ ယဉ်ကျေးမှုများနှင့် သူတို့ရဲ့သမိုင်းကြောင်းများအပါအဝင် ကမ္ဘာပေါ်ရှိလူများနှင့် ကောင်းစွာခင်မင်သိကျွမ်းလာတယ်။ အသင်းတော်၏ခေါင်းဆောင်မှုမှာ ဆက်တိုက်လုပ်ဆောင်တဲ့ လုပ်ငန်းစဉ်ဟာ တမူထူးခြားပါတယ်။ ထိုကဲ့သို့သောအရာမျိုးအခြားဘယ်အရာမှကျွန်တော်မသိရှိပါဘူး။ ဒါဟာဘုရားရှင်ရဲ့အသင်းတော်ဖြစ်လို့ ဒီအရာဟာကျွန်တော်တို့ကိုမအံ့သြစေသင့်ပါဘူး။ သူဟာဇာတိပကတိအတိုင်းမလုပ်ဆောင်ပါ။

အသင်းတော်၏ ယခင်ဥက္ကဋ္ဌငါးဦးလက်အောက်ရှိ တမန်တော်ဆယ့်နှစ်ပါးအဖွဲ့မှာ ကျွန်တော်အစေခံခဲ့ပါတယ်။ ဥက္ကဋ္ဌတစ်ဦးချင်းစီတိုင်းဘယ်လိုဗျာဒိတ်တော်ရရှိပြီး ထိုဗျာဒိတ်တော်ကို ဘယ်လိုတုံ့ပြန်လဲဆိုတာကို ကျွန်တော်ကြည့်ခဲ့ရပါတယ်။ ဘုရားရှင်သည်အစဉ်အမြဲရှိပြီး သူ့၏ပုရောဖက်များကို အစဉ်အမြဲလမ်းညွှန်ကာ စိတ်ဓာတ်လှုံ့ဆော်ပေးပါလိမ့်မယ်။ ဘုရားရှင်ဟာပွဲ့နင်းရာမှာရှိပါတယ်။ ကမ္ဘာတစ်ဝှမ်းသူ့၏သန့်ရှင်းသောနာမတော်ကိုသက်သေခံဖို့ ဘိသိတ်ခံထားရတဲ့ ကျွန်တော်တို့ဟာ သူ့၏အလိုတော်ကိုသိရန်ဆက်လက်ရှာဖွေပြီး လိုက်လျှောက်ပါမယ်။

## ပဋိညာဉ်လမ်းကြောင်းတွင်နေပါ။

ယခု အသင်းတော်ရဲ့အသင်းသားအယောက်တိုင်းကို ပဋိညာဉ်လမ်းကြောင်းမှာဆက်လက်နေဖို့ ကျွန်တော်ပြောပါတယ်။ ကယ်တင်ရှင်နှင့်အတူပဋိညာဉ်များပြုလုပ်ခြင်းဖြင့် သူ့နောက်လိုက်လျှောက်ဖို့ သင်တို့ရဲ့ဝန်ခံမှုနှင့် ထိုပဋိညာဉ်များကိုစောင့်ထိန်းခြင်းဟာ နေရာတိုင်းမှာရှိတဲ့ ယောက်ျား၊ မိန်းမနှင့် ကလေးများရနိုင်တဲ့အခွင့်ထူးနှင့် ဝိညာဉ်ရေးရာကောင်းကြီးတံခါးကိုဖွင့်လှစ်ပါမယ်။

ဥက္ကဋ္ဌအဖွဲ့သစ်အနေဖြင့် ကျွန်တော်တို့စိတ်ထဲမှာအဆုံးသတ်ဖြင့်အစပြုချင်ပါတယ်။

ဒီအကြောင်းကြောင့် ဗိမ္မာန်တော်မှ
ယနေ့သင်တို့ကိုစကားပြောနေတာဖြစ်ပါတယ်။
ကျွန်တော်တို့ကြိုးစားအားထုတ်နေတဲ့ အဆုံးသတ်က
ဘုရားရှင်ရဲ့အိမ်တော်မှာတန်းခိုးတော်နှင့် အပ်နှင်းခံရရန်၊
မိသားစုများအဖြစ် တံဆိပ်ခတ်ရရန်၊ ထာဝရအသက်ဖြစ်တဲ့
ဘုရားသခင်၏အကြီးမြတ်ဆုံးဆုကျေးဇူးအတွက်
ကျွန်တော်တို့စံချိန်မီရန်
ဗိမာန်တော်မှာပြုလုပ်တဲ့ပဋိညာဉ်များအပေါ်သစ္စာရှိဖို့ဖြစ်တယ်။
ဗိမ္မာန်တော်၏ ဘိသိတ်မင်္ဂလာများနှင့်
သင်ပြုလုပ်တဲ့ပဋိညာဉ်များမှာ သင့်ဘဝ၊ သင့်အိမ်ထောင်ရေး၊
မိသားစုနှင့် အခက်အခဲ၏ ထိုးနက်မှုများကိုခုခံရန်
သင့်စွမ်းရည်ကိုခိုင်ခံ့စေဖို့ သော့ချက်ပါဝင်တယ်။ ဗိမ္မာန်တော်တွင်
သင့်ရဲ့ကိုးကွယ်မှုနှင့် သင့်ရဲ့ဘိုးဘေးများအတွက်သင့်ရဲ့အစေခံမှုက
သင့်ကိုငြိမ်သက်ခြင်းနှင့် ကိုယ်ပိုင်ရှုပါရုံကိုတိုးပွားစေတဲ့
ကောင်းကြီးပေးမှာဖြစ်ပြီး ပဋိညာဉ်လမ်းကြောင်းမှာနေရန်
သင့်ရဲ့ဝန်ခံမှုကို အင်အားခိုင်မာစေမယ်။

ယခုသင်ဟာလမ်းကြောင်းမှသွေဖယ်နေရင်
ကျေးဇူးပြုပြီးပြန်လှည့်လာဖို့ ကျွန်တော်ရဲ့နှလုံးသားထဲမှ
မျှော်လင့်ချက်အားလုံးနှင့် သင့်ကိုဖိတ်ခေါ်ပါရစေ။
သင်ဘာကိုပဲစိုးရိမ်ပူပန်နေပါစေ၊ သင်ဘာကိုပဲ စိန်ခေါ်မှုရှိနေပါစေ
ဤဘုရားရှင်ရဲ့အသင်းတော်မှာ သင့်အတွက်နေရာရှိပါတယ်။
ပဋိညာဉ်လမ်းကြောင်းသို့ ယခုပြန်လှည့်ရန်
သင့်ရဲ့လုပ်ဆောင်ချက်များက သင်နှင့်
သင့်ရဲ့မမွေးဖွားရသေးသောမျိုးဆက်များကို
ကောင်းကြီးပေးလိမ့်မယ်။ ကျွန်တော်တို့ရဲ့
ကောင်းကင်ဘုံရှင်အဖက သူ့ရဲ့သားသမီးများကိုမြတ်နိုးပြီး
သူ့ထံအိမ်တော်သို့ပြန်လှည့်ရန်
ကျွန်တော်တို့အယောက်တိုင်းကိုသူအလိုရှိတယ်။
ကျွန်တော်တို့အယောက်တိုင်းအိမ်သို့ပြန်လာဖို့ ကူညီရန်မှာ
နောက်ပိုင်းကာလသန့်ရှင်းသူများအသင်းတော်၏
ခမ်းနားသောပန်းတိုင်တစ်ခုဖြစ်တယ်။

သင်တို့ကိုအစေခံခြင်း၊ သင်တို့နှင့်အတူဝတ်ပြုကိုးကွယ်ခြင်းနှင့်
သင်တို့ကိုတွေ့ဆုံခြင်း၏ ဆယ်စုနှစ်ကျော်ကြီးမားလာတဲ့
သင်တို့အတွက်ကျွန်တော့်ရဲ့နက်ရှိုင်းတဲ့မေတ္တာကို
ကျွန်တော်ထုတ်ဖော်ပါတယ်။
ကျွန်တော်တို့ရဲ့ဘုရားနှင့်ဆိုင်သောလုပ်ပိုင်ခွင့်က
အသီးသီးဘာသာစကားကိုပြောသောလူအမျိုးအနွယ်ခပ်သိမ်းသို့
သွား၍ ဘုရားရှင်ဒုတိယအကြိမ် ကြွလာရန်
လောကကိုပြင်ဆင်ဖို့ကူညီပေးခြင်းဖြစ်တယ်။
သခင်ယေရှုခရစ်တော်ဟာ ဦးဆောင်သူဖြစ်တယ်ဆိုတာကိုသိပြီး
ဒီအရာကို သူ့၌ယုံကြည်ခြင်းဖြင့် ကျွန်တော်တို့
လုပ်ဆောင်ကြမယ်။ ဒါဟာသူ့ရဲ့အလုပ်နှင့်
သူ့ရဲ့အသင်းတော်ဖြစ်တယ်။ ကျွန်တော်တို့ဟာ
သူ့ရဲ့အစေခံများဖြစ်ကြပါတယ်။

ကျွန်တော်တို့ရဲ့ထာဝရအဖနှင့်
သူ၏သားတော်ယေရှုခရစ်တော်အား
ကျွန်တော်ရဲ့ကိုးကွယ်ဆည်းကပ်မှုကို ကျွန်တော်ကြေညာပါတယ်။
ကျွန်တော်သူတို့ကိုသိပါတယ်။ ချစ်ပါတယ်။
ကျွန်တော့်ဘဝရဲ့ကျန်ရှိတဲ့ထွက်သက်တိုင်းမှာ သင်တို့နှင့်
သူတို့အားအစေခံဖို့ ကျွန်တော်ဂတိပြုပါတယ်။
ယေရှုခရစ်တော်၏မြင့်မြတ်သောနာမတော်၌၊ အာမင်။

© 2018 by Intellectual Reserve, Inc. မှတ်ပုံတင်ပြီးမူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန်ပြည်ထောင်စုတွင် ပုံနှိပ်ထုတ်ဝေသည်။ အင်္ဂလိပ်ဘာသာခွင့်ပြုချက်: ၆/၁၇။
ဘာသာပြန်ခွင့်ပြုချက် ၆/၁၇။ ပထမဥက္ကဋ္ဌအဖွဲ့၏သတင်းကောင်း၊ ဧပြီလ ၂၀၁၈အား ဘာသာပြန်ထားခြင်း။ ဘာသာစကား ၁၅၀၄၈ ၂၅၆